MOBYE PEOPLE DEFENSE FORCE

# Mobye People Defense Force

ကြေညာချက်အမှတ်၊ **၁/ ၂၀၂၁။** ရက်စွဲ။ ဇွန်လ (၂)ရက်၊ ၂၀၂၁ခုနှစ်

## သတင်းထုတ်ပြန်ကြေညာခြင်း

ယနေ့မွန်းလွဲ (၂)နာရီခန့်တွင် မိုးဗြဲ ရဲစခန်းမှာ တပ်ဆွဲထားသော အကြမ်းဖက်စစ်သားများမှ အပြစ်မဲ့ပြည်သူတွေကိုပစ်ခတ်ခဲ့ပါတယ်။ အကြောင်းမဲ့ ရန်းသမ်းပစ်ခတ်မှုကြောင့် စစ်ရှောင်အတွက် ရိက္ခာလာယူတဲ့ ၃၅နှစ်ဝန်းကျင် အမျိုးသားတစ်ဦး ညာဘက်ဝမ်းဗိုက်-ခါး အထက်နား တွင် ပေါက်ထွက်ဒဏ်ရာဖြင့် အသက်အန္တရာယ်စိုးရိမ်ရကာ **မိုးဗြဲလူငယ်ကယ်ဆယ်ရေးအဖွဲ့** မှ အရေးပေါ်ဆေးကုသမှုပေးခဲ့ပါတယ်။ အသက် ၂၀ ဝန်းကျင် လူငယ်တစ်ဦးလည်း ဦးခေါင်းမှာ ဆောင်းထားတဲ့ အဝတ်ခမောက်ကို ကျည်ရှပ်ထိမှန်ပြီး စုပ်ပြဲခဲ့ပေမဲ့ ထိခိုက်ဒဏ်ရာ မရရှိခဲ့ပါဘူး။ အကြမ်းဖက်စစ်တပ်က အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ ပစ်ခဲ့တာကြောင့် MBPDF မှ ပြန်လည်ပစ်ခတ်ခဲ့ရာ စစ်တပ်ဘက်မှ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် ပြည်သူ့နေအိမ်အချို့ပျက်စီးခဲ့ပါတယ်။ တပ်ဆွဲထားရာ ရဲစခန်း အနီးအိမ်တွေကိုလည်း အကြမ်းဖက် စစ်တပ်မှ ဖျက်ဆီးဝင်ရောက်ပြီး ပြည်သူပိုင်ပစ္စည်းတွေ ယူဆောင်ခြင်း၊ ဖျက်ဆီးခြင်းများလည်း ပြုလုပ်နေပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် အကြမ်းဖက်စစ်တပ်တို့ကြား တိုက်ပွဲတွေကြောင့် မိုးဗြဲနယ်မှာ စစ်ရှောင်သောင်းချီရှိနေပြီး စားနပ်ရိက္ခာ၊ အမိုးအကာ၊ ဆေးဝါးများ အရေးပေါ် လိုအပ်လျက်ရှိပါတယ်။

**– မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်-MBPDF**